ပဲတောင်း(တောင်)ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဲတောင်း(တောင်)ကျေးရွာ၊ မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**
၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
၅။ **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**
၆။ ပညာရေး
၇။ ကျန်းမာရေး
၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား – မ ရေးရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာ တည်မှုဆိုင်မှုဆိုင်ရာအခြေပြဖယား

၁။ တည်နေရာနှင့် ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၇၉) စုနှင့် ကျား (၆၃၉)၊ မ(၇၃၃)ဦးဖြင့် လူဦးရေပေါင်း (၁၃၇၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင် သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံးတို့၏ ၇၇% ရှိပါသည်။

ပဲတောင်း(တောင်)ကျေးရွာသည် မြင်းမူမြို့၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး မြေပြန့်လွင်ပြင်ဖြစ်ပါသည်။ တောင်ဘက်တွင် ကုန်းရွာ၊ မြောက်ဘက်တွင် ပဲတောင်း(မ)၊ အနောက်ဘက်တွင် ကင်းလေးတောကျေးရွာတို့ရှိပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေများရှိပြီး၊ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် အဝီစီ တွင်းများမှ စိုက်ပျိုးရေရရှိစိုက်ပျိုးနိုင်ပါသည်။ မြို့နယ်သည် အပူပိုင်းဒေသတွင် ပါဝင်ပြီး မိုးရေချိန် ၄၀လက်မအောက်သာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၉) ဖွဲ့ရှိပါသည်။ ရွှေဒေါင်းမင်းလူမှုကူညီ ရေးအသင်း၊ အရံမီးသတ်အဖွဲ့၊ ပညာရေးအကျိုးတော်ဆောင်အဖွဲ့၊ တောင်သူလယ်သမား အဖွဲ့၊ လူငယ်အဖွဲ့၊ လမ်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မီးလင်းရေးကော်မတီ အဖွဲ့များဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏သာရေး၊ နာရေး၊လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။ ရွှေဒေါင်းမင်း လူမှုကူညီရေးအသင်းကိုလည်းကျေးရွာမှ လူကြီးအချို့ ဦးဆောင်ပြီးလူငယ်လူရွယ် ပါဝင်

ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြသည်။ ကျေးရွာသားအများစုမှာ ကျေးရွာတွင်း အသင်းအဖွဲ့များတွင် ဆောင်ရွက်လျက်ရှိကြသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမာန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၄၇.၇% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၁၆.၅%)သည် ချမ်းသာသည့်အဆင့် ၊(၃၅.၈%) သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေဧက(၆၁)ဧက၊ ယာမြေဧက(၁၁၄၈)ရှိပြီး မြေဆီဩဇာများ ယေဘုယျအားဖြင့် အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးကို မိုးရွာကိုသာ အဓိကထားစိုက်ပျိုးရပါသည်။ အများအားဖြင့် အဝီစိတွင်းများမှ ရာသီအလိုက် ရရှိပါသည်။ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဓိကအားဖြင့် နှမ်း၊ မြေပဲ၊ ဝါ၊ ပဲစင်းငုံတို့ကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ လယ်ယာသုံးကိရိယာများမှာ ထွန်စက် (၂)စီး၊ လက်တွန်းထွန်စက် (၂)စီးနှင့် ရေတင်စက် (၁၀၅)စီးရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧကကာလပေါက်စျေး ၂၀၀၀၀/-ကျပ်ဝန်းကျင်ပေးငှားရကာ ငှားရမ်းစျေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေ ချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားတိုး၊ တစ်ဧက၏ တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။

မွေးမြူရေးအနေဖြင် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွား၊ နို့စားနွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင် အသုံးပြုရန်နှင့်အပိုဝင်ငွေရရှိရန် မွေးမြူကြပါသည်။ ဝက်၊ ကြက်များကို မွေးမြူမှုနည်းပါးသည်။

အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်စျေးဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြပါသည်။ တစ်ချို့မှာ ကျပန်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့် အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသည်။ လစာမှာ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် ရရှိကြသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာသို့ သွားရောက်ရသော လမ်းပျက်စီးနေမှုများအား ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၂၃၅)စီးနှင့် စက်ဘီး (၆၂)စီး၊ ထော်လာကျီ (၆)စီး၊ နွားလှည်း (၂၁၀)စီးတို့ကို အသုံးပြုနေကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိသုံးစွဲနေပြီဖြစ်ပါသည်။ ကျေးရွာအနီးတွင် ဖုန်းတာဝါတိုင်ရှိ၍ တယ်လီဖုန်းဆက်သွယ်မှု ကောင်းမွန်ပါသည်။ အိမ်တိုင်းနီးပါးမှာ လက်ကိုင်ဖုန်းအသုံးပြုနေ ကြပြီဖြစ်ပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦလည်းမရှိသေးပါ။ ရွာသူ/ရွာသားအများစုသည် စာပေဗဟုသုတလွန်စွာအားနည်းနေပါသေးသည်။

၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး၊ စာမတတ်သူရာခိုင်နှုန်းသည် (၈%)သာရှိပါသည်။ လူဦးရေ၏ (၄၉.၇%)သည် အခြေခံလူလတန်းပညာပြီးမြောက်သူများ ဖြစ်ပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့် ၇ဦး ရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆလျှင် လုံလောက်ပါသည်။ ကျေးရွာတွင် မူလတန်းပညာကို ၉၀ပေ၊ ၃၀ပေ၊ ၁၂ပေ အရွယ်ရှိ သွပ်မိုးအုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးပါသည်။ ကျေးရွာထည့်ဝင်ငွေဖြင့် ဝါးထရံမိုးဝါးမိုးကပ်ကာ ကျောင်းအဆောက်အဦးကို ဆောက်လုပ်ခဲ့ပါသည်။ ကျောင်း၌ပဓိရုပ်သည် အသင့်အတင့်ကောင်းမွန်ပါသည်။ အလယ်တန်းကျောင်းပညာတို့အတွက် လက်ပန်ကျေးရွာသို့ သွားရောက်တက်ရောက်ကြပါသည်။ အထက်တန်းပညာရေးကို မြင်းမူမြို့သို့ သွားရောက်တက်ရောက်ပညာသင်ကြားရပါသည်။ ကျေးရွာ၏ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါသည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပညာသင်ကြားနေကြပါသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာတက်ရောက်မှုသည် လျော့နည်းပါသည်။ မူလတန်းနှင့်အလယ်တန်းပညာတက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေးအနေဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ဆီးချိုရောဂါ အသင့်အတင့်နှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော တုတ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးရောဂါတို့လောက်သာဖြစ်ပွားပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးခြင်းကို ပုံမှန်လာရောက်ထိုးပေးပါသည်။ ကျေးရွာသားများအနေဖြင့် ကျေးလက်ဆေးပေးခန်းရှိသည့်အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ကားလမ်းဖြင့် သွားလာရသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း အသင့်အတင့်လက်လှမ်းမှီသည်။ ကျေးရွာတွင် ပုဂ္ဂလိကအိမ်တိုင်ရာရောက် ပိုက်လိုင်းရေပေးရေးစနစ်ရှိသည့်အတွက် ရေသုံးစွဲမှုလုံလောက်မှုရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်း

အိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မိုးရာသီမိုးရေကြီးသော အချိန်တွင်သာ ပျက်စီးဆုံးရှုံးမှုရှိပါသည်။ မိုးခေါင်ချိန်တွင် အလုပ်အကိုင်ရှားပါးပြီး မြေယာမဲ့တောင်သူများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်ကြပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အမျိုးသားအမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသော ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁
၂	ပညာရေး	စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း	၂
၃	လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး	ကျေးရွာအရံမီးသတ်ကားဝယ်ယူခြင်း	၃
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း	၄
၅	လူငယ်နှင့်အားကစား	ဘောလုံးကွင်းဆောက်လုပ်ခြင်း	၅